# (၁၆-၁၀-၂၀၂၀) မှ (၂၂-၁၀-၂၀၂၀) အထိ

# သကြားပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်တင်ပြခြင်း

၁။ ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြား ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် (၁-၁၀-၂၀၂၀) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၃၇၅.၃၀) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက် ဖြစ်ပေါ်လျက်ရှိပြီး (၂၁-၁၀-၂၀၂၀) ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန် လျှင် အမေရိကန်ဒေါ်လာ (၃၉၄.၀၅) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 21-Oct-20 | 13.90 cts/lb | 13.65 cts/lb | 394.05 $/T | 17.87 cts/lb |
| 20-Oct-20 | 13.94 cts/lb | 13.61 cts/lb | 396.95 $/T | 18.01 cts/lb |
| 19-Oct-20 | 14.06 cts/lb | 13.56 cts/lb | 402.25 $/T | 18.25 cts/lb |
| 16-Oct-20 | 13.83 cts/lb | 13.48 cts/lb | 395.35 $/T | 17.93 cts/lb |
| 15-Oct-20 | 13.69 cts/lb | 13.44 cts/lb | 388.30 $/T | 17.61 cts/lb |
| 14-Oct-20 | 13.68 cts/lb | 13.40 cts/lb | 387.80 $/T | 17.59 cts/lb |
| 13-Oct-20 | 13.60 cts/lb | 13.36 cts/lb | 386.95 $/T | 17.55 cts/lb |
| 12-Oct-20 | 13.44 cts/lb | 13.33 cts/lb | 382.65 $/T | 17.36 cts/lb |
| 9-Oct-20 | 13.76 cts/lb | 13.30 cts/lb | 386.25 $/T | 17.52 cts/lb |
| 8-Oct-20 | 13.76 cts/lb | 13.25 cts/lb | 386.75 $/T | 17.54 cts/lb |
| 7-Oct-20 | 13.74 cts/lb | 13.20 cts/lb | 384.85 $/T | 17.46 cts/lb |
| 6-Oct-20 | 13.55 cts/lb | 13.13 cts/lb | 379.40 $/T | 17.21 cts/lb |
| 5-Oct-20 | 13.32 cts/lb | 13.06 cts/lb | 373.95 $/T | 16.96 cts/lb |
| 2-Oct-20 | 13.26 cts/lb | 12.98 cts/lb | 373.95 $/T | 16.96 cts/lb |
| 1-Oct-20 | 13.27 cts/lb | 12.92 cts/lb | 375.30 $/T | 17.02 cts/lb |

၂။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၆၀) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၂၈၉) ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံ တွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၅၈၁-၅၉၂) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၄၆၄-၅၁၂) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အမေရိကန်နိုင်ငံ တွင် သကြားဈေးနှုန်းများ တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ တတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြား (၁) တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ (၃၄၁) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား (၁) တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ (၈၆၀) ဒေါ်လာပေါက်ဈေး ရှိသောကြောင့် (၁) တန်ပေါ်တွင် အမေရိကန်ဒေါ်လာ (၅၁၉) ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြား (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၅၈၃) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ (၁)တန်လျှင် အမေရိကန်ဒေါ်လာ (၆၁၁) ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

၄။ ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင် (၁၉၀၀) ကျပ်နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၈၀၀) ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြား ၁ ပိဿာလျှင် (၁၁၀၀) ကျပ်၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် သကြား ၁ ပိဿာလျှင် (၁၀၀၀) ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

၅။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ တတိယပတ်အတွင်း ကမ္ဘာ့သကြား ဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၂.၁၁ % ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။